**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့**

**၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေးဥပဒေကို**

**ပြင်ဆင်သည့် ဥပဒေ**

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၀/၈၉)**

၁၃၅၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်

(၁၉၈၉ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံစက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေး ဥပဒေတွင်-

(က) နိဒါန်းနှင့်ပုဒ်မ ၅ ပုဒ်မခွဲ(ဂ) တို့ကိုပယ်ဖျက်ရမည်၊

(ခ) ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) ကိုအောက်ပါပုဒ်မခွဲဖြင့်အစားထိုးရမည်-

(ဃ) နိုင်ငံတော်ကို ချစ်မြတ်နိုးသည့် အသိစိတ်ဓာတ်နှင့် ခံယူချက်များ ပြည့်ဝသော အတတ်ပညာရှင်နှင့် ကျွမ်းကျင်သူများကို ပြုစုပျိုးထောင်ပေးရန်။

(ဂ) ပုဒ်မ၇ ပုဒ်မခွဲ(က) ကိုအောက်ပါ ပုဒ်မခွဲဖြင့်အစားထိုးရမည်-

(က) နိုင်ငံအကျိုးကို ရှေးရှုလျက် စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာ သင်ကျောင်းနှင့်သိပ္ပံအသီးသီးရှိ သင်တန်းများနှင့် စပ်လျဉ်း၍ လမ်းညွှန်မှုများ ချမှတ်ပေးခြင်း။

(ဃ) ပုဒ်မ ၇ တွင် ပုဒ်မခွဲ(ဓ) အဖြစ် အောက်ပါပုဒ်မခွဲကို ဖြည့်စွက်ရမည်-

(၉) စက်မှု၊ စိုက်ပျိုးနှင့်သက်မွေးပညာသင်ကျောင်းများနှင့် သိပ္ပံများမှ မည်သို့သော အောင်လက်မှတ်နှင့် ဒီပလိုမာလက်မှတ်များ ပေးရမည်ကို စဉ်းစားဆုံးဖြတ်ပေးခြင်း။

(င) ပုဒ်မ ၁၀ ကိုအောက်ပါပုဒ်မဖြင့် အစားထိုးရမည်-

(၁၀) စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာသင်ကျောင်းများနှင့် သိပ္ပံအသီးသီးမှ အောင်လက်မှတ်နှင့် ဒီပလိုမာလက်မှတ်များ ထုတ်ပေးရေးအတွက် စာမေးပွဲများကို စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာဦးစီးဌာနက ကြီးကြပ်ကွပ်ကဲ၍ဆောင်ရွက်သွားရမည်။